(주) 나이스웨이
NICEWAY CO.,LTD.
620, 12 Floors, Yangcheon-ro, Gangseo-gu, Seoul, Republic of Korea. (ZIP : 1207)

Tel : +82 2 3663 8211, Fax : +82 2 3664 7211
Email: nicewaykorea@niceway-korea.com

# “ကတိပြုခြင်း”

နေ့စွဲ ။ ။...........................

၁။ ကျွန်တော်/ ကျွန်မ ---------------------------- သည် တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် Nice Way Co.,Ltd (Korea) သို့ အလုပ်မိတ်ဆက်ပေးရန် အပ်နှံခြင်းဖြစ်ပြီး လူတွေ့ Interview ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၅၀,၀၀၀ (non-refundable) ပေးသွင်းရမည်ကို သိရှိပါသည်။ အလုပ်ရရှိပြီး ကုမ္ပဏီနှင့် အလုပ်စာချုပ်ချုပ်ဆိုပြီးသည်နှင့်ဝန်ဆောင်ခအနေဖြင့် ကိုရီးယားဝမ် ၅၀၀,၀၀၀ ပေးသွင်းရမည် ဖြစ်သည်ကိုလည်း သိရှိပါသည်။

၂။ Nice Way Co.,Ltd (Korea) သို့ လုပ်ငန်း အကြံဉာဏ်တောင်းခံ၍ ဆွေးနွေးတိုင်ပင်ခြင်း ပြုလုပ်လျှင် Deposit အနေဖြင့် ကိုရီးယားဝမ် ၅၀၀,၀၀၀ (non-refundable) ပေးသွင်းရမည်ကို သိရှိပါသည်။ ငွေသွင်းသည့် နေ့ရက်မှစတင်၍ လုပ်ငန်း အကြံပေး ဆွေးနွေးတိုင်ပင်ခြင်း အကျုံးဝင်မည် ဖြစ်သည်။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် NiceWay Co.,Ltd (Korea) မှ လုပ်ငန်းဆွေးနွေးတိုင်ပင်သူအား အလုပ်များ မိတ်ဆက်ပေးသည့်အခါ လူတွေ့ Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၅၀,၀၀၀ (non-refundable) စီ ကောက်ခံသွားမည် ဖြစ်သည်ကို သိရှိပါသည်။ ပထမ တစ်ကြိမ် Interview ဝင်ရောက်သည့်အခါ လုပ်ငန်းရှင်ဘက်မှ အဆင်မပြေလျှင် Nice Way Co.,Ltd (Korea) သည် အလုပ်ထပ်မံ မိတ်ဆက်ပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်ဘက်မှ အဆင်ပြေသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူဘက်မှ အဆင်မပြေ၍ နောက်ထပ် Interview ထပ်မံဝင်ရောက်ရလျှင် Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၅၀,၀၀၀(non-refundable) ကောက်ခံသွားမည် ဖြစ်သည်ကို သိရှိပါသည်။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် Nice Way Co.,Ltd (Korea) သည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူအတွက် လူတွေ့ Interview ချိန်းဆိုပေးပြီးသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူမှ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နိုင်ခြင်း မရှိပါက ကိုရီးယားဝမ် ၅၀,၀၀၀ (non-refundable) ပေးဆောင်ရမည် ဖြစ်သည်ကို သိရှိပါသည်။ လူတွေ့ Interview ပြီးနောက် လုပ်ငန်းရှင်နှင့် အလုပ်စာချုပ်ချုပ်ဆိုသည့်အခါ အလုပ်ဝန်ဆောင်ခအနေဖြင့် ကိုရီးယားဝမ် ၅၀၀,၀၀၀ ပေးသွင်းရမည် ဖြစ်သည်ကိုလည်း သိရှိပါသည်။

၃။ အကြောင်းအမျိုးမျိုးကြောင့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီးသည်အထိ ငွေပေးချေနိုင်ခြင်း မရှိပါက Nice Way Co.,Ltd သို့ ကြိုတင်အကြောင်းကြားပြီး လစာရရှိသည်နှင့် ပေးချေမည် ဖြစ်ပါသည်။

၄။ Nice Way Co.,Ltd မှ အလုပ်ကုမ္ပဏီနှင့် မိတ်ဆက်၍ လူတွေ့ Interview ဝင်ရောက်ရန် စီစဉ်ပေးပြီးသော်လည်း မိမိမှ အကြောင်းအမျိုးမျိုးကြောင့် Interview သွားရောက်နိုင်ခြင်း မရှိခဲ့ပါက Nice Way Co.,Ltd သို့ အခြေအနေအကြောင်းကြား၍ သတ်မှတ်ဝန်ဆောင်ခ ကုန်ကျစရိတ်ကို ပေးဆောင်ရမည်ဖြစ်ကြောင်းကိုလည်း သိရှိသဘောတူပါသည်။ အကြောင်းမကြားခြင်းကြောင့်သော်လည်းကောင်း၊ ငွေပေးသွင်းမှု ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် မိမိတာဝန်သာ ဖြစ်ပါသည်။

၅။ ဤကတိပြုခြင်းသည် Confidential ဖြစ်ပြီး ကုမ္ပဏီ၏ ခွင့်ပြုချက်မရှိပဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ အချက်အလက် မျှဝေခြင်းများ မပြုလုပ်ရကြောင်းကို သိရှိပါသည်။ခွင့်ပြုချက်မရှိပဲ မျှဝေခြင်းကြောင့် အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချက်အလက် မျှဝေသူအား အရေးယူပိုင်ခွင့်ရှိကြောင်းကိုလည်း သိရှိပါသည်။

**ကတိပြုသူ**

| | |
|---|---|
| အမည် | : ------------------------------ |
| Passport နံပါတ် | : ------------------------------ |
| ဗီဇာအမျိုးအစား | : ------------------------------ |
| ID နံပါတ် | : ------------------------------ |
| ဖုန်းနံပါတ် | : ------------------------------ |
| လိပ်စာ | : ---------------------------- |